## ၂။ အတ်တလတ်(စ်)ဖလံ

**Atlas moth: *Attacus atlas* (Linnaeus, 1758)**

**Lepidoptera: Saturniidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





ဖလံအကောင်ကြီးများသည် နီညိုအောက်ခံအရောင်ရှိပြီ အရွယ်အစားကြီးမားသည်။ ရှေ့အတောင်ထိပ်ပိုင်းသည် မြွေခေါင်းပုံသဏ္ဍာန်ရှိပြီး အဝါနှင့်အနီရောင်အမှတ်များ ပါရှိကာ အတောင်တစ်ခုစီ၏ အလယ်ဗဟိုတွင် အလင်းပေါက်တိရိဂံပုံသဏ္ဍာန် အစက်ပြောက် ပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**






အတ်တလတ်(စ်)ဖလံ ပိုးလောက်ကောင်များသည် အရွက်ရင့်များကို စားသောက်ဖျက်ဆီးသောကြောင့် အကိုင်းအခက်များတွင် အရွက်များမရှိ ဖြစ်နေတတ်သည်။ စားသောက်နေသည့် အပင်အစိတ်အပိုင်းအောက် မြေပေါ်တွင် အရွယ်အစားကြီးသော မစင်တုံးများ တွေ့မြင်နိုင်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | – (၂) ပတ် |
| လောက်ကောင်အဆင့် | **– (၄)** ပတ် |
| ရုပ်ဖုံး အဆင့် | – (၁ လမှ– လများစွာ) |
| အကောင်ကြီး အဆင့် | – **(၁–၂)** ပတ် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပိုးလောက်ကောင်များနှင့် ရုပ်ဖုံးအိမ်များကို စုဆောင်းဖျက်ဆီးပါ။

(၂) ထိသေ၊ စားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)